SES




Burmese

မုန်တိုင်းများသည် အလွန်အန္တရာယ်ကြီးနိုင်သည်။

မုန်တိုင်းများနှင့်အတူ လေပြင်းကျခြင်း၊ မိုးသည်းထန်စွာရွာခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းတို့ ဖြစ်နိုင်ကြသည်။

မိုးသည်းထန်စွာရွာခြင်းအားဖြင့် ရုတ်တရက်ရေကြီးစေနိုင်သည်။ မြေနိမ့်ပိုင်းဒေသများ၌ ကြိုတင်မသိရဘဲ ရေကြီးနိုင်သည်။

မုန်တိုင်းဘေး သတိပေးချက်များကို နားဆင်ပါ။ မိတ်ဆွေများ၊ မိသားစုများနှင့် အိမ်နီးချင်းများတို့မှ ထိုသတိပေးမှုကို သိရှိကြရန် သေချာပါစေ။

ကားမောင်းနေပါက ဘေးကင်းစွာ ယာဉ်အသွားအလာမှဖယ်ခွာပြီး ဘေးထိုးရပ်ပါ။ အရေးပေါ်အချက်ပြမီးများကိုထွန်းပြီး
မုန်တိုင်းစဲသည်အထိ စောင့်ပါ။

သင်၏ကားကို သစ်ပင်များအောက်၌ မရပ်ထားပါနှင့်။ မုန်တိုင်းကျနေစဉ် သစ်ပင်များနှင့် သစ်ကိုင်းများ ကျိုးကြနိုင်ပါသည်။

အကယ်၍ ပြင်ပ၌ရှိသော် အဆောက်အအုံများအတွင်း၌ ခိုလှုံမှုကိုရှာပါ။ သစ်ပင်များအောက်၌ မခိုလှုံပါနှင့်။

သင့်ခြံအတွင်း၌ သို့မဟုတ် အိမ်အနီးဝန်းကျင်၌ရှိသော ချည်နှောင်မထားသည့်အရာများအားလုံးကို ချည်နှောင်ထားပါ။

အကယ်၍ အဆောက်အအုံများအတွင်း၌ရှိသော်၊ ပြူတင်းပေါက်များမှ ရှောင်ဖယ်နေပါ။

အရေးပေါ်သတိပေးချက်များနှင့် အကြံပေးချက်များအတွက် ဗီယို သို့မဟုတ် သင်၏သေခံ အသံလွှင့်ရုံကိုနားဆင်ပါ။

သင့်အိမ် သို့မဟုတ် စီးပွားလုပ်ငန်းအတွက် အရေးပေါ်အစီအစဉ်တစ်ခုကို အဆင်သင့်ပြင်ထားပါ။

အောက်ပါတို့ပါဝင်ကြသော အရေးပေါ်အထုပ်တစ်ခုကို အသင့်ပြင်ထားပါ။

- အရေးကြီးသောစာရွက်စာတမ်းများ (နိုင်ငံကူးလက်မှတ်/ဗီဇာ၊ ဆေးညွှန်းများ)၊
- ဓာတ်ခဲအားသုံး ရေဒီယို၊
- ရှေးဦးသူနာပြုအထုပ်၊
- လက်နှိပ်ဓာတ်မီး၊
- ဓာတ်ပုံများနှင့် သက်သေခံအထောက်အထားများတို့ဖြစ်ကြပါသည်။

ရေကြီးခြင်းနှင့် မုန်တိုင်း အရေးပေါ်အကူအညီအတွက် 132 500 သို့ဖုန်းဆက်ပါ။

အသက်ဘေးဒုက္ခဖြစ်စေနိုင်သည့် အရေးပေါ်ကိစ္စများအတွက် 000 သို့ဖုန်းဆက်ပါ။

အကယ်၍ သင်သည် ဘေးကင်းရာသို့ စွန့်ခွာထွက်ရန်လိုအပ်ပါက အရေးပေါ်အထုပ်ကို သင်နှင့်အတူယူဆောင်သွားပါ။

ရေကြီးပြီး ဖုံးလွှမ်းနေသည့်ရေကိုဖြတ်သန်းကာ မောင်းခြင်း၊ စီးနင်းခြင်း သို့မဟုတ် လမ်းလျှောက်ခြင်းတို့ကို မည်သည့်အခါမျှ မပြုလုပ်ပါနှင့်။

ရေကြီးပြီး ဖုံးလွှမ်းနေသည့်ရေအထဲ၌ ကလေးများကို မည်သည့်အခါမျှ မကစားပါစေနှင့်။ ညစ်ပတ်ပြီး အန္တရာယ်ရှိသည်။

မုန်တိုင်းစဲသွားသည့်အခါ သင်အဆင်ပြေနေကြောင်းကို လူများအား အသိပေးပါ။